AROMA
ဝိ ညာဉ် ရေး ထု စာ စောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

October 2009 အတွဲ ၆၊ အမှတ် ၁၀။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဧဝံဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

# ဟာဗက္ကုတ်အနာဂတ္တိကျမ်း
# HABAKKUK

## ယခုလဖတ်စရာ

- ဟာဗက္ကုတ်အနာဂတ္တိကျမ်း
- အိပ်နေတုန်းလား
- ဓမ္မဝန်ဆောင်တို့ဆောင်ရန်၊ ရှောင်ရန်အချက်များ
- ခရစ်ယာန်တို့၏လက်နက်ကောင်းတစ်ခု

## ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

## အယ်ဒီတာအဖွဲ့

ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com

## ကွန်ပြူတာစာစီ

တိုးတိုးခိုင်

---

စာမူပေးပို့လိုသူများအောက်ပါ
လိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820

## ဟာဗက္ကုတ်

သူ၏အကြောင်းကို တိတိကျကျ ရေးသားဖော်ပြသည်ကို မတွေ့ရပေ။ သို့သော် ဤကျမ်းအရ သူ၏အရေး အသားတို့သည် ဆာလံဆရာများကဲ့သို့ပင် ဖြစ်သဖြင့် သူသည် ယေရုရှလင်ဗိမာန်တော်၌ ဘုရားဝတ်ကို ပြုသော လေဝိတစ်ဦးဖြစ်သည်ဟု ယူဆရသည်။ ထို့အပြင်သူသည် ပရောဖက်တစ်ပါး(Professional prophet) ဖြစ်သည်ဟု သိရသည်။ ဟာဗက္ကုတ်အမည်၏ အဓိပ္ပါယ်သည် 'ပွေ့ပိုက်ခြင်း' (embrace) ဖြစ်သည်။

## အခြေအနေခေတ်ကာလ

B.C ၆၁၂ တွင် ဗာဗုလုန်သည် အာရှုရိအား သိမ်းပိုက်အောင်နိုင်ပြီး မက်ဆိုပိုတေးမီးယားနှင့် ပါလက်စတိုင်းတိုင်အောင် အုပ်ချုပ်လျက်ရှိသည်။ တဖန် B.C ၆၀၅ တွင် အဲဂုတ္တုကိုပါ ထပ်မံအောင်နိုင်ခဲ့သည်။ ယခင်၌ အဲဂုတ္တုသည် ယုဒ၏အရှင်သခင်ဖြစ်ခဲ့သော်ငြားလည်း ယခုတွင် အဲဂုတ္တုအား ဗာဗုလုန်သည် အောင်နိုင်ခဲ့သဖြင့် ဗာဗုလုန်သည် ယုဒ၏ အရှင်သခင်ဖြစ်လာခဲ့သည်။

သို့သော်ယုဒသည် ဗာဗုလုန်အား ဆက်လက်တော်လှန်သဖြင့် ဗာဗုလုန်သည် ယုဒကို သိမ်းပိုက်ကာ ယေရုရှလင်ကိုပါ သိမ်းပိုက်၍ အင်အားကောင်း ကျန်းမာသူတို့အား ကျွန်အဖြစ်ခေါ်ဆောင်ကာ ယုဒအပေါ်တွင်လည်း ဗာဗုလုန်မှ အုပ်ချုပ်သူအသစ်ကို ပြန်လည်ခန့်ထားသည်။

B.C ၅၉၇ တွင် (ဓမ္မစတုတ္ထ ၂၄း၁၀–၁၇) တွင် "ယေရုရှလင်မြို့သားမှူးမတ်၊ ခွန်အားကြီးသောစစ်သူရဲတသောင်း၊ အထူးထူးအပြားပြားသောဆရာသမားအပေါင်းတို့ကို သိမ်းသွင်း၍ ..." ဟု သမ္မာကျမ်းစာတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ဓမ္မစတု ၂၄း၁၆တွင်လည်း ထပ်မံ၍ဖော်ပြသည်။" စစ်တိုက်ခြင်းငှာ တတ်စွမ်း နိုင်သောသူရှိသမျှ၊

**သင်မည်သူနှင့်သက်ဆိုင်ကြောင်း**
**သိသာစွာအသက်ရှင်နေထိုင်ပါ (ဟေရှာယ ၁း၃)**

ခွန်အားကြီးသောသူ စုနှစ် ထောင်အထူးထူးအပြားပြားသော ဆရာသမားတထောင်တို့ကို ယေရှုရှလင်မြို့မှ ဗာဗုလုန်မြို့သို့ လက်ရသိမ်းသွားလေ၏။''

B.C ၅၈၇ တွင် ဗာဗုလုန်သည် ယုဒ၏ပုန်ကန်မှုကို ဆက်လက်သည်းမခံနိုင်တော့သဖြင့် ယေရှုရှလင်မြို့အား လုံးဝဖျက်ဆီးလိုက်ပြီး လူအားလုံးကို ကျွန်အဖြစ် သိမ်းပိုက်ဖမ်းဆီးလိုက်တော့သည်။ (ဓမ္မရာဇဝင် ၂၅း၁–၇)

ဟဗက္ကုတ်သည် ဗာဗုလုန်က ယုဒပြည်ကို လုံးဝသိမ်းပိုက်အုပ်ချုပ်ချိန်တွင် ပေါ်ထွက်လာသော ပရောဖက်တစ်ပါးဖြစ်၏။ ယုဒကို ဆုံးမရန်ဗာဗုလုန်ကို ဘုရားသခင်က အသုံးပြုသည်ဟု သိသောအခါတွင် ဟဗက္ကုတ်သည် ဘုရားသခင်နှင့် အခြေအတင်ပြောဆိုခဲ့သည်ကို တွေ့ရသည်။ သူသည် ယုဒအားဆုံးမရာတွင် ယုဒထက်မိုက်သော ဆိုးသော ဗာဗုလုန်ကို ဘုရားသခင်က အသုံးပြုသည်အတွက် မကျေမချမ်းဖြစ်နေခဲ့သည်။ စိတ်ဆိုးဒေါသထွက်ခဲ့သည်။ သို့သော် ဘုရားသခင်သည် ဟဗက္ကုတ်အား ဖြေကြားသည်မှာ ဘုရားသခင်၌ ဖြောင့်မတ်တည်ကြည်သော ယုဒလူမျိုးအတွက် မပူရန်နှင့် ယုဒတပြည်လုံးဖျက်ဆီးခြင်းခံရသော်လည်း ဘုရားသခင်၌ တည်ကြည်သော ယုဒလူမျိုးသည် ဆုံးခန်းတိုင်အောင် ဖြောင့်မတ်တည်ကြည်မည်ကို သူယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အခန်းကြီး ၃၊ အငယ် ၁၇–၁၈ တွင် ''သင်္ဘောသဖန်းပင်မပွင့်ရ၊ စပျစ်ပင်မသီးရ၊ သံလွင်ပင်၏ ကျေးဇူးကို မျှော်လင့်၍မခံရ၊ လယ်တို့သည် အသီးအနှံကို မပေးရ၊ သိုးခြံ၌ သိုးကုန်၍ တင်းကုပ်၌နွားမရှိရ။ သို့သော်လည်း၊ ထာဝရဘုရား၌ ငါဝမ်းမြောက်၍၊ ငါ့ကို ကယ်တင်တော်မူသောဘုရားသခင်ကို အမှီပြု၍ရွှင်လန်းမည်'' ဟု ဖြောင့်မတ်တည်ကြည်သူတို့၏ ဘုရားသခင်၌ သစ္စာသမ္မာဓိတည်လျက်ရှိသည်ကို ဖော်ပြထားသည်။

တချိန်တည်းမှာပင် ဘုရားသခင်သည် ဗာဗုလုန်အား သတိပေးထားသည်ကို တွေ့ရသည်။ ဗာဗုလုန်သည် ယခုကဲ့သို့ အောင်မြင်တန်ခိုးကြီးမားသည်အပေါ်တွင် မောက်မာ၊ မာနတက်ရန်မလိုပါ။ ထိုမာနတရားကြောင့် ဗာဗုလုန်သည်လည်း ဘုရားသခင်၏ စီရင်ခြင်းကို ခံရမည့်အကြောင်း ဖော်ပြထားသည်။

ဤကဲ့သို့ ဟဗက္ကုတ်သည် ဘုရားသခင်နှင့် အခြေအတင်ပြောပြီးသောအခါတွင် ဘုရားသခင်၏ လုပ်ဆောင်မှုကို ပိုမို သိမြင်နားလည်ပြီး ဘုရားသခင်သည် သူ၏လူထုအပေါ် သစ္စာတည်ကြည်မှုကို နားလည်ကာ ရှေ့တွင် ဘုရားသခင်၌ တည်ကြည်ကြောင်း စိတ်ခိုင်မာလာခဲ့သည်။

**၁။ ဆိုးသောသူတို့အား စီရင်ခြင်းမရှိရာပြဿနာ။**

ဤအရေးအသားသည် မြည်တမ်းညီးတွားခြင်းကဗျာ (သို့) မေးခွန်းကဲ့သို့ တွေ့ရသည်။ ဘုရားသခင်၏ ကူညီမှုနှင့် အကူအညီကို အော်ဟစ်တောင်းဆိုရာ ကဗျာဖြစ်သည်။ ဤနေရာတွင် ဟဗက္ကုတ်သည် ဘုရားသခင်၏ အကူအညီအပေါ် သံသယဖြစ်နေပြီး ဘုရားသခင်၏ အကူအညီသည် နှောင့်နှေးလျက်အလျင်အမြန် မရောက်သေးသဖြင့် စိတ်မအီမသာဖြစ်နေခဲ့သည်။

**အဘယ်မျှကာလ – How Long**

ဤမေးခွန်းသည် ပရောဖက်က ဘုရားသခင်အား တိုက်ရိုက်မေးမြန်းလိုက်ခြင်းဖြစ်သည်။ ''အဘယ်မျှ ကာလပတ်လုံး အကျွန်ုပ်အော်ဟစ်ရပါမည်နည်း။'' (၁း၂ခ) ဟဗက္ကုတ်သည် မိမိအောင်ဟစ်အကူအညီတောင်း သည်မှာ ကြာပြီဖြစ်သဖြင့် ဘုရားသခင်၏ နားထောင်တုန့်ပြန်ခြင်း မရှိသဖြင့် စိတ်မရှည်စွာဖြင့် တိုက်ရိုက်ပင် မေးမြန်းလိုက်တော့သည်။ ဘုရားသခင်သည် အော်ဟစ်အကူအညီတောင်းဆိုမှုအား အမှုမပြု နားမထောင်သဖြင့် မတရားမှု၊ အဓမ္မမှု၊ လုယူမှု၊ အနိုင်အထက်ပြုခြင်းအမှု၊ ငြင်းခုံခြင်းအမှု၊ ရန်ပြုခြင်းတို့ များပြားလာပြီး တရားသော သဘောတို့ လျော့ပါးလာသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့နေရသော ပရောဖက်သည် မခံမရပ်နိုင်ဖြစ်လာတော့သည်။ သို့အတွက်ကြောင့် ဟဗက္ကုတ်သည် ဘုရားသခင်၏ တန်ခိုးတော်၊ ကယ်တင်ခြင်းနှင့် ကူညီမစခြင်းတို့အပေါ် သံသယ ဝင်လာမိတော့သည်။ သူသိထားသည်မှာ ''ဘုရားသခင်သည် ဖြောင့်မတ်ပြီး မတရားမှုတို့ကို မုန်းတီးရှုံ့ရှာသည်'' ဟု ဖြစ်သည်။ သို့သော် ယခုအဖြစ်အပျက် အခြေအနေ၌ ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် မည်သို့မျှ ကိုက်ညီ ဆီလျော်ခြင်းမရှိဖြစ်နေသည်ဟု သုံးသပ်ခဲ့သည်ကို တွေ့ရသည်။ ''မတရားသောအမှုကို အကျွန်ုပ်အား အဘယ်ကြောင့် ပြတော်မူသနည်း။ အဓမ္မ အမှုကို အဘယ်ကြောင့် မြင်စေတော်မူသနည်း။'' (၁း၃က၊ ၃ခ)

## မတရားမှုတို့ စုပုံလျက်ရှိနေသည်။
## Piling up of Injustice

မတရားမှုတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားကြောင့် လျော့နည်းရမည့်အစား ယခုတွင် မတရား မှုတို့သည် စုပုံလျက်ရှိနေပြီးဟု ပရောဖက်က ညီးတွားလျက်ရှိ၏။

လုယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ ငြင်းခုံခြင်း၊ ရန်တွေ့ခြင်း၊ မတရားသဖြင့်စီရင်ခြင်း၊ သစ္စာပျက်ခြင်း၊ (Injustice, trouble (wrong), destruction, violence, strife, and conflict)

## တရားမှုတို့လျော့ပါးလာ
## The law being paralysed

ဖြောင့်မတ်ခြင်းလျော့ပါးလာပြီး တရားသောသူတို့သည် သိက္ခာကျ အစော်ကားခံရကြသည်။ မတရားသော သူတို့သည် ကြီးစိုးတန်ခိုးထွားပြီး မိမိတို့လုပ်ချင်ရာလုပ် ထင်ရာစိုးကာ တရားသောသူတို့အား ရှုံ့ချကဲ့ရဲ့ လှောင်ပြောင်နေတော့သည်။ ဤအရာတို့သည် ကွာသရေလလူမျိုးတို့၏ အတွင်း၌ပင် မြင်တွေ့နေရသည်။ ထိုအဖြစ် အပျက်တို့သည် ပရောဖက်အား စိတ်ပျက်စေလျက် မကျေမနပ်စိတ်တို့ကို ပိုမိုများပြားလာ စေသဖြင့် မကျေနပ်မှုများစွာဖြင့် ဘုရားသခင်အား မေးခွန်း ထုတ်ခဲ့သည်။

"အိုထာဝရဘုရား၊ ကိုယ်တော်သည် ကြားတော်မမူဘဲ၊ အဘယ်မျှကာလပတ်လုံး အကျွန်ုပ်အော်ဟစ် ရပါမည်နည်း။ မတရားသောသူတို့ (ဗာဗုလုန်) သည် ဖြောင့်မတ်သောသူ (ယုဒ) တို့ကို ဝိုင်းသောကြောင့်၊ မတရားသဖြင့် စီရင်ဆုံးဖြတ်ကြပါ၏။" ဘုရား၏ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ကောင်းမြတ်ခြင်း၊ တန်ခိုးတော်တို့သည် အဘယ်မှာနည်း။

ထာဝရဘုရား၏ အဖြေ – ဆိုးသွမ်းကြမ်းတမ်းသော ဗာဗုလုန်အား ဘုရားသခင်က သူ၏လူမျိုးတော်ကို ဆုံးမ သွန်သင်ရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ဗာဗုလုန်တို့သည် ဆိုး သောသူ၊ ဘုရားကိုမယုံသောသူ၊ မိမိတို့သဘောအတိုင်း လုပ်သောသူ၊ မိမိကိုယ်ကိုသာ ချီးမြှောက်သောသူဖြစ်သည်။ Power and Pride often go together ဆိုသကဲ့သို့ ဗာဗုလုန်တို့သည် တန်ခိုးထွားလာသည်နှင့်အမျှ မိမိကိုယ်ကိုသာ အထင်ကြီးမာနတက်လျက် ရှိနေသည်။ ထိုအရာတို့သည် ယုဒအား ဘုရားသခင်က သွန်သင်ဆုံးမရန် ပြင်ဆင်ခဲ့သည်ကို သူတို့မသိရှာပေ။

## ၂။ လွန်ကဲသောသွန်သင်ဆုံးမမှု
## Excessive Punishment

ဘုရားသခင်သည် ယုဒအား ဆုံးမရာတွင် ဗာဗုလုန်ကို အသုံးပြုသည်မှာ လွန်ကဲလွန်းသည်ဟု ဟဗက္ကုတ် ခံယူမိသည်။ ယုဒသည် ဘုရားကိုသိသောသူ၊ ဘုရားသခင်၏ လူမျိုးတော်သည် ဗာဗုလုန်ကဲ့သို့ ဘုရားမသိ၊ တရားမရှိ၊ မသန့်မရှင်းသော သူအားဖြင့် ဆုံးမခြင်းသည် ပရောဖက်နားမလည်နိုင်အောင်ပင် ဖြစ်နေခဲ့သည်။ ဘုရားပင် ဗာဗုလုန်နှင့် တတြိတ်တည်း တညာဏ်ထဲများလား?ဟု စိတ်မအီမသာနှင့် အတွေးပေါက် ခဲ့သည်။ ဗာဗုလုန်လို မသန့်မရှင်းသူအား ဘုရားသခင်က သုံးဘဲသုံးတတ်သည်ဟု အတွေးဝင်ခဲ့သည်။

## ဗာဗုလုန်၏ဒုစရိုက်အပြစ်များ (၂း၆–၂၀)

ဟဗက္ကုတ်သည် ဗာဗုလုန်၏ အပြစ်များအား 'အမင်္ဂလာ – Woe – ကောင်းချီးမခံစားရသောအရာ' ဟု ဖော်ပြထားသည်။

တန်ခိုးအာဏာကို မက်မောခြင်းနှင့် ဥစ္စာစည်းစိမ် မက်မောခြင်း (၂း၆–၁၁)

ဟဗက္ကုတ်သည် ဗာဗုလုန်သည် တန်ခိုးအာဏာကို တပ်မက်မောသူ၊ ဥစ္စာပစ္စည်းစည်းစိမ်တို့ကို တပ်မက် သောသူဟု ဖော်ပြထားသည်။ ထိုနည်းဖြင့် မိမိ၏ပတ်ဝန်း ကျင်သူတို့အား ဒုက္ခပေးနှိပ်စက်လျက်ရှိသည်။ ငွေများကို ငွေတိုး များများချေးပြီး၊ ချေးငွေကို ပြန်မဆပ်နိုင်အောင် အတိုးများများ ဖြင့်ချေးကာ မိမိ၏မပိုင်သောပစ္စည်းများကို မတရားစွာ သိမ်းပိုက် သည်။ လူကိုလည်း ကျွန်အဖြစ်သိမ်းပိုက်ကြသည်။ ကိုယ်ချင်းစာ ညှာတာသနားစိတ်လုံးဝ မရှိသောသူဖြစ်သည်။ မိမိ၏ အကျိုး ကိုသာ ရှုမှတ်လျက်သူတစ်ပါး၏ အကျိုးကို မငဲ့ညှာဘဲ သူတပါးအား အရှုံး ရစေလျက် ကြီးပွားချမ်းသာနေကြသည်။

လင်း (ပုသိမ်)

(နောက်လဆက်ဖတ်ရန်)

# အိပ်နေတုန်းလား !

*– ယခင်လမှအဆက်*

“ ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကို ပူဇော်သောသူသည် ငါ၏ဘုန်းကို ထင်ရှားစေသောသူ ဖြစ်၏။ မိမိသွားသောလမ်းကို ဆင်ခြင်သောသူအားလည်း ကယ်တင်တော်မူခြင်း ကျေးဇူးကိုငါပြမည်ဟု ဘုရားသခင် မိန့်တော်မူ ၏” (ဆာလံ ၅၀း၂၃) ကျွန်တော်တို့ဟာ ဘုရား သခင်ရဲ့မျက်မှောက်တော်မှာ ထိုင်ပြီး ဘာမှ မတောင်းခံတော့ဘဲ ကိုးကွယ်ချီးမွမ်းခြင်း အားဖြင့် ကောင်းမြတ်ခြင်းအပေါင်းကို မြည်း စမ်းနိုင်ပါတယ်။ ဆာလံဆရာ ဒါဝိဒ်ဟာ အစွမ်းကုန် ချီးမွမ်းခဲ့ပါတယ်။ ဒါကြောင့် ခရစ်ယာန်များဟာ အဘဘုရားကို ချီးမွမ်းဖို့ အရေးကြီးပါတယ်။

ချီးမွမ်းခြင်းဖြင့်အောင်ပွဲခံပါ (၆ ရာ ၂၀း၁–၂၅) စာတန်ကို ရှုံးနိမ့်စေပါ။ စိတ် နှလုံးကိုညှင်းဆဲနေတဲ့ ဝိညာဉ်ဆိုးတွေကို ထွက်ပြေးစေပါ။ ခန္ဓာကိုနှိပ်စက်နေတဲ့ အနာရောဂါ ဆိုးတွေကိုချေမှုန်းပြစ်ပါ။ ချီးမွမ်းခြင်းဟာ အလွန်တန်ခိုးကြီးပါတယ်။

(၉) ဆုတောင်းဘာသာစကားဖြင့် ဆုတောင်း ခြင်း။ (Praying in a prayer language) ကယ်တင်ခြင်းရပြီးတဲ့အခါ သန့်ရှင်းသော ဝိညာဉ်တော်ဘိသိက်ရပြီးရင် အခြားသော ဘာသာစကားပြောခြင်း (Speaking in other tongnes) ဆိုတဲ့ ဆုတောင်းခြင်း ဘာသာစကား(A very personal preyer language) ကိုရပါတယ်။ ဘုရားရှင်ရဲ့ လက် ဆောင် (A gift) ဖြစ်ပါတယ်၊ ၁၂၀ သော တပည့်တော်များ ပင်တေကုတ္တေနေ့ အ ထက်ခန်းမှာ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံရပြီး (different languages) ကို ပြောခဲ့ကြပါတယ်။ (တ ၂) ကြားရတဲ့ သူတွေအတွက် နိမိတ်လက္ခဏာဖြစ်ရပြီး ပေတရုရဲ့ရင့်စွာဟောပြောဝေ့ချိန်မှာ ဘုရားကို တကယ်ကြောက်ရွံ့ဝန်ခံလာကြပြီး လူပေါင်း ၃၀၀၀ လောက် ဗတ္တိဇံခံယူလာကြပါတယ်။

– အထူးသီးခြား ဆုတောင်းမရှိတဲ့အခါမှာ၊ အခြားသောဘာသာ စကားနဲ့ဆုတောင်းရပါတယ်၊ ညဉ့်လုံးပေါက်ဆုတောင်းချိန်မှာ၊ ဆုတောင်းဘာသာ စကားဖြင့်သာ ရှည်ကြာစွာဆုတောင်းနိုင်ပါတယ်။

– လူ့စဉ်းစားဉာဏ်နဲ့စီစဉ်ထားတဲ့ဆုတောင်းခြင်းမျိုးမဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ဆုတောင်းခြင်းဖြစ်ပါတယ် ဝိညာဉ်တော်က လူတစ်ဦးရဲ့ ‘အသံ’ နဲ့‘ဝိညာဉ်’ ကိုအသုံးပြုတာပါ။ စိတ်ပိုင်းဆိုင်ရာပေါ့ပါးစေတဲ့အတွက် ဆုတောင်းချိန်ကြာမြင့်ပေမဲ့ မမောနိုင်ပါဘူး။ (မာ ၁၆း၁၇ ၊ တ ၂း၄၊ ၁ ကော ၁၂း၁၀၊ ၁ ကော ၁၄၊ တ ၁၀း၄၆)

– အခြားသောဘာသာစကားပြောဆိုခြင်းဟာ (၁ ကော ၁၄း၂) အရ၊ ကျွန်တော်တို့ရဲ့စိတ်နှလုံးထဲက လျှို့ဝှက်ချက်များကို ဘုရားရှင်က မျှဝေခံစားပေးတယ်လို့ ကျမ်းစာကဆိုတယ်။ မိတ်ဆွေရင်းချာကဲ့သို့ ဘုရားထံပါးနီးကပ်စွာတိုးဝင်နေခြင်းပေါ့၊ တခါတရံဘုရားရှင်နဲ့အလွန်အလှမ်းကွာနေသလို ခံစားရစဉ်မှာ၊ ဝိညာဉ်စကားန ဲ့ဆုတောင်းတဲ့အခါမှာ ဘုရားမျက်မှောက်တော်ရဲ့ ခြုံလွှမ်းမှုအားဖြည့်မှုကိုခံစားရရှိစေပါတယ်။

– (၁ ကော ၁၄း၄) အရမိမိကိုယ်ကိုယ်တည်ဆောက်ခြင်း ဖြစ်တယ်လို့ ဆိုတယ်၊ ဝိညာဉ်ရေးရာယုံကြည်ခြင်းအိမ်ခိုင်ခန့်ဖို့ပေါ့၊ ကိုယ်တိုင်ခိုင်ခံ့မှ တပါးသူကိုအားပေးနိုင်ပါတယ်၊ ရှင်ပေါလုက ဝိ ညာဉ် စကားနဲ့ဆုတောင်းဘို့ လေးနက်စွာထောက်ခံခဲ့ပါတယ် (၁ ကော ၁၄း၁၈၊ ၁ ကော ၁၄း၁၉)

– လူတွေနားထောင်ဘို့၊ နားလည်ဘို့မဟုတ်ပါဘူး၊ ဘုရားရှင်ထံ ဆုတောင်းနေခြင်းသာဖြစ်တယ်၊ ခရစ်ယာန်တွေအတွက် ဘုရားရှင်ရဲ့ကျေးဇူးတော်ကိုသာ၍ပြည့်ဝစွာခံစားရဘို့ ကောင်းချီးမင်္ဂလာ တစ်ပါး ဖြစ်တယ်။

– ကိုယ်တိုင်ရဲ့ဆုတောင်းခြင်းတွေ့အကြုံအရ အခြားသော ဘာသာစကားပြောရင်း အကြိမ်များစွာ အနက်ပြန်လေ့ရှိပါတယ် (၁ ကော ၁၄း၅) အနက်ပြန်ခြင်းလက်ဆောင်မွန်အားဖြင့် ကျွန်တော်ဟာ ဘုရားရှင်ထံကသတင်းစကားတွေ ပြန်လည်ရရှိပါတယ် ကျွန်တော်ဆုတောင်းနေခြင်းကလဲဘုရားဂုဏ်တော် ကျေးဇူးတော်ချီးမွမ်းနေခြင်းဖြစ်ကြောင်း ကိုယ်တိုင်က သိနားလည်ခွင့် ရနေပါတယ်၊ အခြားဘာသာစကားနဲ့ဆုတောင်းသူတိုင်း အနက်ပြန်ခွင့်

ရဖို့ပါဆုတောင်းပါ။ (ကျွန်မအနေနှင့်ထောက်ခံလိုပါတယ်၊ နှုတ်က tongues နဲ့ကျွန်မဆုတောင်းနေစဉ်၊ ကျွန်မရဲ့အတွင်းထဲမှ အနက်ပေးနေတာတွေ့ရပါတယ်၊ တနေ့မှာတော့ထမင်းစားခါနီးမှာ၊ ထမင်းမစားဘဲ ကောက်ညှင်းပေါင်းတထုတ်ရထားလို့ ဖွင့်စားမယ်ဆိုပြီး ကျေးဇူးတော်ချီးမွမ်းတယ် tongues နဲ့ ဆုတောင်းတာပါ။ အတွင်းထဲကအသံက 'သမိးကို စားသင့်တာစားဘို့ ဉာဏ်ပညာပေးပါလို့'ဘာသာပြန်နေတာသိရလို့ ကောက်ညှင်းကို ဖယ်လိုက်ရပါတယ်၊ ကိုယ်ပိုင်ဆုတောင်းချိန်မှာလဲ ဆရာပြောသလိုပါဘဲ အထဲကဘာသာပြန်ပေးနေတာကြားရပါတယ်၊ ကျွန်မဆုတောင်းပုံက ဝိညာဉ်တော်ရဲ့ဦးဆောင်မှုကိုခံယူပြီး ကျွန်မရဲ့အတွင်းဝိညာဉ်ထဲမှာရထားတဲ့ tongues ဆုကျေးဇူးနဲ့ ဆုတောင်းနေတာပါ၊ တခါက ၄ နာရီမက တထိုင်ထဲ ဒီစကားနဲ့ ဆုတောင်းနေခဲ့ပေမဲ့မမောပါဘူး၊ ပြဿနာတွေ အရည်ပျော်ကျကုန်တာကတော့ အမှန်ပါဘဲ။)

– ဘုရားရှင်ထံပါးဆုတောင်းချည်းကပ်စဉ် ဝိညာဉ်တော်နှင့် ပြည့်ဆည်းခံရပြီး ကျွန်တော့်ရဲ့ကျေးဇူးတင်မှုဟာ လျှံထွက်လာပါတယ်၊ လူ့ဘာသာစကားနဲ့ ချီးမွမ်းဖို့မလုံလောက်တော့တဲ့အခါ အခြားသောဘာသာစကားနဲ့ကျေးဇူးတော်ချီးမွမ်း၊ ဂုဏ်တော်ချီးမွမ်းရင်း ကျွန်တော့်ဝိညာဉ်ဟာ လန်းဆန်းလာပါတယ်။

– အခြားသောဘာသာစကားနဲ့ ဆုတောင်းခြင်းဟာ မယုံကြည်သူတွေအတွက် နိမိတ်လက္ခဏာဖြစ်တယ်၊ ဘုရားအတူရှိနေခြင်းကို သူတို့ယုံကြည်လာတယ်။ (၁ ကော ၁၄း၂၂ –တမန် ၂း၅ – ၁၂၊ ၄၁ – ၄၇) (ဒီအကြောင်းအရာအတွက် ကျွန်မလဲ အနည်းငယ်သက်သေခံလိုပါတယ်၊ အနာငြိမ်းခြင်းသာသနာမှာ ကျွန်မအမှုဆောင်နေတဲ့ တလျှောက်လုံး မယုံကြည်သူတွေပေါ်လက်တင်ပြီး အခြားသောဘာသာစကားနဲ့ ဆုတောင်းပေးတဲ့အခါ၊ သူတို့ရောဂါပျောက်ပြီး ဝိညာဉ်နားမျက်စေ့ပွင့်သွားခဲ့တာ အစဉ်တွေ့ရတယ်၊ အဲဒီနောက်မှာ ခရစ်တော်ကိုအလွယ်တကူခေါ်ဖိတ် လက်ခံကြတယ်။ ( ၂ကော ၄း၄) အရစာတန်ပိတ်ဆို့မှုကနေ လွတ်မြောက်ခြင်းလည်း ခံစားကြရပါတယ်)

– ကျွန်တော်တို့ရဲ့ပင်ပန်းမှု၊ မငြိမ်မသက်ဖြစ်မှုတွေကနေ လွတ်မြောက်ဘို့ ဘုရားဝိညာဉ်တော်က ကျွန်တော်တို့အထဲကနေ ကူညီဆုတောင်းပေးပါတယ်။ (ဟေ ၂၈း၁၁–၁၂) ခန္ဓာ၊ စိတ်၊ ဝိညာဉ်၊ စာတန်အာဏာစက်ငြိစွမ်းမှုကနေပြီး လွတ်မြောက်လို့ သက်သာရာရသွားပါတယ်။

– ပူပြင်းလှတဲ့နွေလယ်ခေါင်နေ့ခင်းမှာ အေးမြကြည်လင်တဲ့ ရေတစ်ဖန်ခွက်ကို သောက်လိုက်ရသလို ကြီးမားတဲ့အားအင်ဖြည့်ဆည်းမှုကို ရရှိစေပါတယ်။

– ယနေ့စိတ်ပျက်အားငယ်နေတဲ့အမှုတော်ဆောင်နဲ့ သင်းအုပ်ဆရာတွေမှာ၊ လေးလံတဲ့ဝန်ထုတ်ဝန်ပိုးတွေကြောင့် အားအင်ကုန်ခန်းမှုတွေဟာ ဝိညာဉ်စကားနဲ့ဆုတောင်းအားသစ်လောင်း ခြင်းဖြင့် အားအင်ပြည့်ပြီးလန်းဆန်းမှုခံစားလာကြရပါမယ်။ (ရော ၈း၂၆)

– ဝိညာဉ်တော်၏မစဆုတောင်းပေးမှုပါ။

– ကျွန်တော်တို့မှာမသိမမြင်နိုင်တဲ့ အန္တရာယ်၊ အကြောင်းအရာတွေရှိနေတယ် ဒါကိုလဲဝိညာဉ်တော်ဘုရားကဘဲ အသိပေးကူညီမစဆုတောင်းစေတယ်။ တခါက ကျွန်တော်တို့ရဲ့ဆဲလ်ခေါင်းဆောင်တစ်ဦးဟာ ဆိုးလ်မြို့လယ်ခေါင်ထဲရောက်နေစဉ်မှာ၊ ဆုတောင်းဘို့နှလုံးသားမှာ နိုးဆော်ခြင်းအင်အားတစ်ခု ခံစားရလို့ ရုတ်တရက်လမ်းဘေးအနီးအနားက တောင့်တစ်နေရာမှာ ဆောင့်ကြောင့်ထိုင်ပြီး ဝိညာဉ်စကားနဲ့ ကြိုးစားဆုတောင်းနေခဲ့ရတယ်၊ ဘာအတွက်ဆုတောင်းရမယ်ဆိုတာ လည်းသူမသိပါဘူး၊ ရင်ထဲကပေါ့သွားလို့ ငြိမ်သက်ခြင်းရခါမှ မျက်စေ့ဖွင့်ကြည့်မိတော့ လူအုပ်ကြီးတွေ့တယ် ရဲသားဟာ သူမကိုပြုစ်တင်တယ်၊ 'ဆုတောင်းဖို့ဆိုရင် ဘုရားကျောင်းသွားပါလား၊ လမ်းတောင်မှာဆိုတော့ လမ်းသွားလူတွေပိတ်ဆို့တာပေါ့'တဲ့၊ ဆဲလ် အပြီး သူမအိမ်ပြန်ရောက်တော့ အိမ်ထဲမှာမွှေနှောက်ထားလို့ ပစ္စည်းတွေပြန့်ကျဲနေတာတွေ့တယ်၊ ရတနာနဲ့ ဘဏ်စာအုပ်ရယ်ငွေသား အချို့ရယ်ထားခဲ့တဲ့နေရာကို အပြေးသွားကြည့်တော့ အဲဒီအံဆွဲထဲကပစ္စည်းတွေ မွှေနှောက်ပစ်ချထားခဲ့ကြပေမဲ့ ဒီအဖိုးတန်ပစ္စည်းတွေက လက်ရာမပျက် နေရာမှာဟန်ပန်တကျပေါ့၊ သူမခမျာ မယုံကြည်သူခင်ပွန်းရဲ့အဆူအငေါက်က လွတ်ရပြီမို့သက်ပြင်းချနိုင်တယ် ဒီနိမိတ်လက္ခဏာကြောင့် ခင်ပွန်းဟာပြောင်းလဲခဲ့ပြီး ကျမ်းစာကျောင်းတောင်တက်ခဲ့တယ်၊ အခုတော့ ကျွန်တော်တို့ရဲ့အမှုတော်ဆောင်တစ်ဦးဖြစ်နေပါပြီ

– ဝိညာဉ်တော်ဟာ ကျွန်တော်တို့ကိုဆုတောင်းဖို့ အထူးသီးသန့်နိုးဆော်တဲ့အတိုင်း အခြားသောဘာသာစကားဖြင့်ဆုတောင်းခြင်းဟာ ခရစ်ယာန်အသက်တာရဲ့ ကြီးထွားခြင်းကို အလွန်အကျိုးဖြစ်ထွန်းစေပါတယ်။ အခြားသောဘာသာစကားဖြင့်ဆုတောင်းခြင်းဟာ ကျွန်တော်တို့ကိုဘုရားသခင်ရဲ့ ဂရုဏာတော်ကိုသာ၍ နက်ရှိုင်းစွာ ခံစားစေပါတယ်။ ကျေးဇူးတော်ခံစားစေပါတယ်၊ ဒီစကားနဲ့ ဆုတောင်းရင်း ကျွန်တော်တို့ရဲ့အားနည်းချက်တွေကို ပြုပြင်ပြီး

ရင့်ကျက်စေဖို့ ကောင်းချီးခံစားရပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် ဘိသိက်ရပြီး သန့်ရှင်းသော ဝိညာဉ်တော်စကားဖြစ်တဲ့ ဒီလက်ဆောင် တွေကိုရဖို့တောင်းခံပါ။

– ဝိညာဉ်စကားနဲ့မိနစ် ၃၀၊ ၁ နာရီ (သို့) ၃ နာရီအထိ ထိရောက်စွာ ဆုတောင်းလာနိုင်ပါလိမ့်မယ်။ ဆုတောင်း ခြင်းဆိုတာ စာတန်ရဲ့ ခံတပ်တွေကို ဖြိုဖို့အတွက်ယုံကြည်သူတွေကိုပေးအပ်ထားတဲ့ တာဝန်ပါ။ (၂ကော ၁၀း၄ – ၅) (ဧ ၆း၁၂၊ ၁၈)

– ဝိညာဉ်ကယ်တင်ခြင်းလုပ်ငန်းကို ထိရောက်စွာလုပ်နိုင်ပြီး ဘုရားရှင်ရဲ့နိုင်ငံတော်တည်ထောင်ဘို့ ဆုတောင်းခြင်းဟာ အလွန်အရေးကြီးပါတယ်။ စာတန်ဟာ ခရစ်ယာန်တွေဆုမတောင်းနိုင်အောင် ဆုမတောင်းချင်အောင် ဆုတောင်းခွင့်တားဆီးဘို့ စိတ်ဓါတ်ကျစေဘို့ အစွမ်းကုန်ကြိုးစားနေပါတယ်။ ကျွန်တော်တို့က အစွမ်းကုန်ကြိုးစား ဆုတောင်းကြမယ်ဆိုရင် တစ်ဦးချင်းရောအသင်းတော်အပါအဝင် အမှုတော်လုပ်ငန်းဟာ အလွန်အောင်မြင်ပါမယ်။ ခရစ်ယာန်တွေ အတွက် ပထမဦးစားပေးဟာ ဆုတောင်းခြင်း ပါဘဲ။ ဒုတိယဦးစား ပေးဟာလည်း ဆုတောင်းခြင်းဖြစ်တယ်။ တတိယဦးစားပေးကို ပြောရရင်လည်းဆုတောင်းခြင်းပါဘဲ။

– ထိရောက်စွာဆုတောင်းနိုင်ဘို့ ဂရုစိုက်ရပါမယ်၊ ဆုတောင်းနေတဲ့သူတစ်ဦးဟာ ပျက်စီးခြင်းသို့ မရောက်နိုင်ပါဘူး၊ ဆုတောင်းသောအသင်းတော်ဟာလည်း ကြီးထွားပြီးရင်း ကြီးထွားနေပါလိမ့်မယ်။ ဆုတောင်းသောတိုင်းနိုင်ငံနှင့် သူ့ရဲ့အဖွဲ့အစည်းဟာလည်း အစဉ်အောင်မြင်ကောင်းစားပါလိမ့်မယ်။

ဒေါ်စန်းစန်းမြင့်

*ဒေါက်တာယောင်ဂီချိုရဲ့ ‘ လက်တွေ့ဆုတောင်း နည်းပုံစံများ ’ ဆိုပြီး Phillip Cope Suan Pau က မြန်မာလို ပြန်ဆိုထုတ်ဝေခဲ့ပါတယ်။ ခွန်အားယူစရာ ဖြစ်လို့ လိုရင်းတိုရှင်း အကျဉ်းရုံးပုံစံဖြင့် အနည်းငယ်မျှကောက်နုတ်ပြီး မျှဝေရ ကြောင်းဝန်ခံပါတယ်။*

# ဓမ္မဝန်ဆောင်တို့ ဆောင်ရန်၊ ရှောင်ရန်အချက်များ

၁။ နည်းကောင်းလေးပေးလိုက်ပါ။ မချုပ်ကိုင်ပါနှင့်။ (၁ပေ ၅း၁၃)

၂။ ပြဿနာအချို့ကြောင့် အသင်းတော်တခုလုံးအပေါ် အမည်းမမြင်လိုက်ပါနှင့်။ (၂သက် ၃း၁၁)

၃။ မိမိအလိုဆန္ဒအလျောက် အနက်ဖွင့်သော သမ္မာကျမ်းစာ မဖြစ်ပါစေနှင့်။

၄။ တရားပလ္လင်ပေါ်မှာ စောင်းမတီးပါနှင့်။

၅။ တောင်ထင်မြောက်ထင်ခြင်းကို ရှောင်ပါ။

၆။ ထိမ်းမြှားမင်္ဂလာကိစ္စနှင့်ပတ်သက်၍ ပြီးစလွယ်မလုပ်ပါနှင့်။ (ဟေဗြဲ ၁၃း၄)

၇။ ခေါင်းဆောင်များရွေးချယ်ခန့်ထားရာတွင်အလျင်မလိုပါနှင့်။ (တမန် ၆း၃)

၈။ ပြဿနာပေးတတ်သူအား သူနှင့်သင့်လျော်မည့်သူနှင့်တွဲလုပ်ရန်ခွင့်ပြုလိုက်ပါ။

၉။ မျက်နှာမလိုက်ပါနှင့်။ (ရှင်ယာကုပ် ၂း၉)

၁၀။ အလုပ်ထွက်မည်၊ ထွက်မည်ဟု ခဏခဏမခြိမ်းခြောက်ပါနှင့်။

၁၁။ ကိုယ်တတ်နိုင်သလောက်သာလုပ်ပါ။ ပြုပြင်ပြောင်းလဲမှုများ မကြာမကြာမလုပ်ပါနှင့်။ (သုတ္တံ ၁၉း၂)

၁၂။ စည်းဝေးများအားလိုရင်းတိုရှင်းလုပ်ပါ။

၁၃။ အလုပ်ကိုခွဲလုပ်ပါ၊ တစ်ဦးတည်းသိမ်းကြုံးမလုပ်ပါနှင့်။ (၁တိမော ၂း၂)

၁၄။ ဘုရားဝတ်၌မွေ့လျော်ပါ၊ ကျမ်းစာတော်မြတ်အပေါ်အာရုံပြုပါ။ (ဆာလံ ၁)

၁၅။ ဘက်လိုက်ခြင်းမျက်နှာသာပေးခြင်းများမပြုလုပ်ပါနှင့်။

၁၆။ဘုရားသခင်၏၊ ခေါ်ယူအသုံးပြုခြင်းခံရသောအခွင့်ထူး အပေါ် တန်ဖိုးထားပါ။ (၂တိမော ၂း၁၁)

၁၇။ မိမိ၏စပျစ်ဥယာဉ်ကိုအမှုမဲ့ပစ်မထားပါနှင့်။

၁၈။ အသင်းတော်ငယ်သောကြောင့်စိတ်ဓါတ်မကျပါနှင့်။ (ရှင်မဿဲ ၁၈း၂၀)

၁၉။ တရားဟောချက်ကို၊ စနစ်တကျပြင်ဆင်ပါ၊ တွေ့ရာကောက် မဟောမလုပ်ပါနှင့် (သုတ္တံကျမ်း ၂၁း၅)

၂၀။အသင်းတော်တိုးတက်ရေးအတွက်လေ့လာဆည်းပူးမှုများ အပေါ်ရင်းနှီးမြှုပ်နှံပါ။

၂၁။ မပျင်းရိပါနှင့် ... (၁သက် ၃း၁၀)

၂၂။စိတ်ပျက်ပြီးဘေးဖယ်ပြီးသီးခြားမနေပါနှင့်။ (သုတ္တံ ၁၇း၂၂)

၂၃။ စာရိတ္တ ဖြောင့်မတ်မှုနှင့် ဝိညာဉ်တန်ခိုးတို့ကို တွဲဖက်နိုင်အောင် လေ့ကျင့်ပါ။ (တိတု ၂း၇–၈၊ ရှင်ယောဟန် ၁၅း၂၆ )

၂၄။ ဉာဏ်ဝတ်ကျေပါ။ (၁တိ ၃း၂)

၂၅။ မိမိကြည့်ရှုရသောသိုးစု၏အခြေအနေကိုအမြဲသိပါ။ (ယေရမိ ၁၀း၂)

၂၆။ မိမိဇနီးသည်အားမြတ်နိုးပါ နေရာပေးပါ။ (ဒေသနာ ၉း၉)

၂၇။အခြားသောအသင်းတော်များနှင့်ဓမ္မဝန်ဆောင်များကို လေးစားပါ။ (၁ကော ၁၂း၁၈)

၂၈။ အသင်းတော်တစ်ပါးအားကျဆင်းစေသော အဦးဆုံးခြေလှမ်း ကိုမြင်တတ်ပါ။

အန်တီဂျာဒင်

မှတ်ချက်

*တောင်ကြီးသာသနာနယ်၊ အသင်းတော်များအဖွဲ့၊ ဓမ္မအမှုတော် ဆောင်များအသင်းအစည်းအဝေး၌ ဂျွန်လ – ဦးမောင်မောင်ဒင်၏ ပို့ချချက်မှ ပြန်လည်ထုတ်နုတ်ဖော်ပြခြင်း ဖြစ်သည်။*

# ခရစ်ယာန်တို့ရဲ့လက်နက်ကောင်းတစ်ခု

ရန်သူတို့နှင့်တိုက်ပွဲဝင်ရာတွင်အသုံးပြုနိုင်သည့် လက်နက်များကိုဘုရားသခင်က ပြင်ဆင်ပေးထားပါသည်။ (ဧ ၆း၁၁–၁၂) ဤလောကတွင်ရှိသည့်ရန်သူသည် အသွေးအသားနှင့် မဟုတ်ဘဲ မှောင်မိုက်၌အစိုးရသောမင်းများ အာဏာစက်နှင့် နတ်ဆိုးများဖြစ်ကြပါ၏။ ကျွန်ုပ်တို့ကိုတိုက်ခိုက် တားဆီး ချေမှုန်းရန် အမြဲကြိုးစားအားထုတ်နေသောသူသည် စာတန်မာရ်နတ်ပင် ဖြစ်ပါ၏။ ကျွန်ုပ်တို့နှင့်အိမ်ထောင်ရေး၊ လူမှုရေး၊ စီးပွါးရေးမှအစ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးတွင်ပင်ဝင်ရောက် နှောက်ယှက်လျက် ရှိပါသည်။ စာတန်နှင့်သူ၏တပည့်နောက်လိုက်များသည် ကျွန်ုပ်တို့တိုက်ရမည့်ရန်သူဖြစ်ပါ၏။

ထို့ကြောင့်ကျွန်ုပ်တို့အနေနှင့် မိမိ၏ခွန်အား၊ ကံ၊ ဉာဏ်၊ ဝိရိယတို့ဖြင့်ပြန်လည်တွန်းလှန်ရန် မဖြစ်နိုင်ပါ။ ဘုရားသခင် ပြင်ဆင်ပေးထားသောလက်နက်များကို အသုံးပြုရပါမည်။ အထူးသဖြင့်ခဲယဉ်းဆိုးယုတ်သောကာလများတွင် အသုံး ပြုရန်လိုပါသည်။(ဧ ၆း၁၃)

ထိုလက်နက်စုံသည် သစ္စာစောင့်ခြင်းနှင့် ဖြောင့်မတ်ခြင်း ပါရမီ ဧဝံဂေလိတရားကိုဟောပြောခြင်း၊ ယုံကြည်ခြင်း၊ ကယ်တင်ခြင်း ပါရမီ၊ နှုတ်ကပတ်တော်ဓားတို့ဖြစ်ကြပါ၏။ ကာလအစဉ်ဆု တောင်းပဌနာပြုကြရန်တို့လည်း တိုက်တွန်းထားပါသည်။ (ဧ ၆း၁၄–၁၈)

ဘုရားသခင်၏သားသမီးများဖြစ်ကြသော ကျွန်ုပ်တို့က ရှေ့တန်းမှ ရန်သူကိုမတိုက်လျှင် မည်သူတိုက်နိုင်ပါမည်နည်း။ မာရ်နတ်သည်လောကကို အစိုးရသောမင်းဖြစ်ပါ၏။ (ယော ၁၂း၃၁) ။ လောကီလက်နက်များဖြင့် သူတို့ကို တိုက်ခိုက်၍မရပါ။ စာတန်ကိုနိုင်တာ ဘုရားပဲရှိပါသည်။ စာတန်ကြောက်တာ ဘုရားကိုပါပဲ။ ကျွန်ုပ်တို့ဘုရားသခင်ကို အော်ခေါ်မှာသူအကြောက်ဆုံးပင်ဖြစ်ပါသည်။

သို့သော် ကျွန်ုပ်တို့ကဘုရားသခင်ကိုခေါ်ရန် ပျက်ကွက်နေကြပါသည်။ ဘုရားသခင်ပေးထားသည့်လက်နက်များကို အသုံးပြုရန်မေ့နေကြသည်။ ဘာကြောင့်သည်လို ပြောရတာလဲ၊ ခေါ်နေကြတာပဲ၊ မှန်မှန်ဆုတောင်းပါသည်၊ ကျမ်းစာဖတ်ပါတယ်၊ ဘုရားရှိခိုးကျောင်းသွားပါတယ်၊ သို့သော်ကျွန်တော်၊ ကျွန်မတို့ခေါ်နေတာကို ဘုရားသခင်က မကြားမှန်းမသိကြပါဘူး၊ ဘုရားသခင်ကြားအောင် ခေါ်ရပါမည်။

ကျွန်ုပ်တို့သည်ပူလည်းမပူ၊ အေးလည်းမအေး၊ နွေးရုံသာနွေးသောခရစ်ယာန်များ ဖြစ်ကြပါ၏။ (ဗျာ ၃း၁၅) ။ ဘုရားသခင် ထံမရောက်ရောက်အောင်သွားမည်။ မကြားကြားအောင် ခေါ်မည်ဟု သန္နိဋ္ဌာန်ချထားပြီးပြီလား။ ဘုရားသခင်ကို တကယ်ပဲ အားကိုးသလား၊ ယုံသလား။ ကျွန်ုပ်တို့ဆုတောင်းခြင်း၏ လေးနက်မှုကိုပြသနိုင်ကြရပါမည်။

အပြောမဟုတ်ဘဲအလုပ်နှင့်ပြရမည်။ အပေါ်ယံမဟုတ်ဘဲ နှလုံးသားကပြရမည်။ ငါ့နာမဖြင့်သမုတ်သောငါ၏လူတို့သည် ကိုယ်ကိုနှိမ့်ချသဖြင့် ငါ့နာမကိုရှာလျက်ဆုတောင်းပဋ္ဌနာပြု၍ အဓမ္မလမ်းကိုလွှဲရှောင်လျှင်ငါသည်ကောင်းကင်ဘုံ၌နားထောင်မည်ဟူသော ဂတိရှိပါသည်။ (၆ရာ ၇း၁၄)

“ကြည့်ရှုလော့၊ ထာဝရဘုရားသည် မကယ်တင်နိုင်အောင် လက်တော်တိုသည်မဟုတ်။ မကြားနိုင်အောင် နားတော်ထိုင်းသည် မဟုတ်။ သင်တို့ဒုစရိုက်သည်သင်တို့ကိုဘုရားသခင်နှင့်ကွာစေပြီ” (ဟေရှာ ၅၉း၁) သည်ကျမ်းချက်ကိုကျွန်ုပ်တို့အားလုံး အလေးအနက်စဉ်းစားရန်လိုမည်ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့်ယခုအချိန်တွင်အဓိက ပြောလိုသော အချက်ကတော့ သာမန်ဆုတောင်းခြင်းဖြင့်ရန်သူနတ် ဆိုးကို နှင်ထုတ်၍မရသောအချိန်များရှိပါသည်။ တမန်တော်များပင် ထိုသို့ကြုံခဲ့ရသည်။ သည်အချိန်မျိုးတွင်အစာရှောင်ခြင်းမှတစ်ပါး အခြားသောလမ်းမရှိပါ။ (မ ၁၇း၂၀)

အစာရှောင်ဆုတောင်းခြင်းသည် အလွန်အစွမ်းထက်သော လက်နက်တစ်ခုဖြစ်ပါ၏ (the ultimate weapon) နောက်ဆုံးလက်နက်ဟုပင်ဆိုရမည်ထင်ပါသည်။ ထာဝရဘုရားသခင်၏ ခြေတော်ရင်းသို့ ဝင်သောအခါမိမိကိုယ်ကိုနှိမ့်ချဖို့ အထူးလိုအပ်ပါသည်။မိမိဆန္ဒ၏လေးနက်ခိုင်မာမှုကိုလည်း ပြသဖို့လိုပါသည်။ အစာရှောင်ခြင်းဖြင့်ထိုသို့ပြသနိုင်ပါသည်။

အစာရှောင်ခြင်းသည်မိမိကိုယ်ကိုငြင်းပယ်ခြင်းဖြစ်သည်။ ထိုသို့စပြု၍ဘုရားသခင်ထံမည်သူမှမချဉ်းကပ်နိုင်ပါ။ (မ ၁၆း၂၄) ကျွန်ုပ်ဘာပဲလုပ်လုပ်ဘာပဲပြောပြော ဘုရားသခင်ကျွန်ုပ်တို့နှလုံးသားကို အမြဲကြည့်ပါ၏။ (ယေ ၁၇း၁၀)။ ထို့ကြောင့် ငါနှစ်သက်သောအစာရှောင်ခြင်းဟူမူကား မတရားသော အချည်အနှောင်ကို ချွတ်ခြင်း၊ လေးသောဝန်ကိုချခြင်း၊ ညှင်းဆဲခံရသော သူတို့ကိုလွှတ်ခြင်း ထမ်းပိုးရှိသမျှကိုချိုးခြင်း ဟုပြောဆို ပါသည်။ (ဟေရှာ ၅၈း၆)။

ယနေ့မတရားသောချည်နှောင်ခြင်းကို ခံနေရသောသူများစွာရှိပါသည်။ လေးသောဝန်ကိုထမ်းနေရသောသူ များစွာရှိပါသည်။ သူတို့ထမ်းပိုးများကိုချိုးရန် ကျွန်ုပ်တို့တတ်နိုင်ကြပါသည်။ ကျွန်ုပ်တို့အစာရှောင်ဆုတောင်းလျှက် ဘုရားသခင်ထံအသနားခံကြပါစို့။ ကျွန်ုပ်တို့အရှင်သခင်ကိုယ်တိုင် ဤလောကသို့ကြွလာခဲ့စဉ် ရက် (၄၀) ပတ်လုံး အစာရှောင်ဆုတောင်းခဲ့ပါသည်။ ထိုသခင် အတိုင်း ကျွန်ုပ်တို့ပြုရမည့်အချိန်ရောက်လာပါပြီ။

မသီတာ

မှတ်ချက်

*မြန်မာ့တမန်မဂ္ဂဇင်း (ဇန်နဝါရီ ၊ ၂၀၀၈) မှဒေါက်တာဖေဝင်း၏ “ခရစ်ယာန်တို့၏လက်နက်ကောင်းတစ်ခု” ကို ကောက်နှုတ် တင်ပြထားခြင်းဖြစ်ပါသည်။*